# ပိုးသတ်ဆေးဥပဒေဆိုင်ရာ
# လုပ်ထုံးလုပ်နည်းများ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

အမိန့်ကြော်ငြာစာအမှတ်၊ /
၁၃၇၇ခုနှစ်၊ လ ရက်
(၂၀၁၆ခုနှစ်၊ လ ရက်)

ပိုးသတ်ဆေးဥပဒေပုဒ်မ-၄၇၊ ပုဒ်မခွဲ(က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါလုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်လိုက်သည်။

## အခန်း (၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤလုပ်ထုံးလုပ်နည်းများကို ပိုးသတ်ဆေးဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများဟု ခေါ်တွင်စေရမည်။

၂။ ဤလုပ်ထုံးလုပ်နည်းများတွင် ပါရှိသော စကားရပ်များသည် ပိုးသတ်ဆေးဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့အပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်။

(က) **ဥပဒေ** ဆိုသည်မှာ ပိုးသတ်ဆေးဥပဒေကိုဆိုသည်၊

(ခ) **ပိုးသတ်ဆေးမှတ်ပုံတင်ခြင်း** ဆိုသည်မှာ၊ ပိုးသတ်ဆေးတစ်မျိုးမျိုးနှင့် စပ်လျဉ်း၍ ဖြန့်ဖြူးရောင်းချရန်အတွက် မှတ်ပုံတင်ပေးရန် လျှောက်ထားလာသည့်အခါ မှတ်ပုံတင်အဖွဲ့က ပိုးသတ်ဆေးထိရောက်မှုရှိခြင်း၊ လူ့ကျန်းမာရေးနှင့် ပတ်ဝန်းကျင်တို့အား အန္တရာယ်ရှိမှုနည်းခြင်းတို့ကို အခြေခံ၍ စိစစ်သုံးသပ်ပြီး ကျေနပ်မှုရှိသဖြင့် ယင်းပိုးသတ်ဆေးကို မှတ်ပုံ တင်ခွင့်ပြုပေးခြင်းကို ဆိုသည်၊

(ဂ) **မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ ဥပဒေနှင့်အညီ မှတ်ပုံတင်အဖွဲ့က ထုတ်ပေးသော လက်မှတ်ကို ဆိုသည်။

(ဃ) **မူပိုင်ကုန်အမှတ်တံဆိပ်အမည်** ဆိုသည်မှာ ပိုးသတ်ဆေးအား မှတ်ပုံတင်ထားသည့် မူပိုင်ကုန်အမှတ်တံဆိပ်အဖြစ် သုံးစွဲသည့်အမည်ကို ဆိုသည်။

(င) **ပြင်ဆင်မှတ်ပုံတင်ခြင်း** ဆိုသည်မှာ မှတ်ပုံတင်ထားသည့် ပိုးသတ်ဆေးများနှင့် စပ်လျဉ်း၍ အောက်ပါကိစ္စတစ်ရပ်ရပ်ကို ဆောင်ရွက်လို၍ မှတ်ပုံတင်အဖွဲ့သို့ ပြင်ဆင်မှတ်ပုံတင်ပေးရန် လျှောက်ထားလာသည့်အခါ စိစစ်သုံးသပ်ပြီးမှတ်ပုံတင်အဖွဲ့မှ ကျေနပ်မှုရှိသဖြင့် ပြင်ဆင် မှတ်ပုံတင်ခွင့်ပြု ပေးခြင်းကို ဆိုသည်၊

(၁) ဖော်စပ်နည်းပြောင်းလဲခြင်း၊

(၂) အကျိုးသက်ရောက်မှုနယ်ပယ် တိုးချဲ့သုံးစွဲခြင်း၊

(၃) ထုတ်လုပ်သူတစ်ဦး၏ မှတ်ပုံတင်ထားသည့်ပိုးသတ်ဆေးတွင် ပါရှိသော အဆိပ်ရှိပစ္စည်းကို သုံးစွဲ၍ ယင်း၏ခွင့်ပြုချက်ဖြင့် အခြားပုဂ္ဂိုလ်တစ်ဦးက အမည်သစ်ဖြင့် ဖော်စပ်ထုတ်လုပ်ခြင်း၊

(စ) **ပိုးသတ်ဆေးဓါတ်ကြွင်း** ဆိုသည်မှာ ပိုးသတ်ဆေးသုံးစွဲခြင်းကြောင့် ရိက္ခာ၊ တိရစ္ဆာန်အစာနှင့် ပတ်ဝန်းကျင်တို့တွင် ကျန်ရှိသည့် ဓါတုပစ္စည်းကိုဆိုသည်။ ယင်းစကားရပ်တွင် ပိုးသတ်ဆေးတွင်ပါဝင်သည့် အဆိပ်ရှိပစ္စည်း၏ အဆင့်ဆင့်ပြောင်းလဲဖြစ်ပေါ်လာသော ဓါတုပစ္စည်းနှင့် သုံးစွဲသည့်ပိုးသတ်ဆေးကြောင့် ပါဝင်နိုင်သည့် မသန့်စင်သောပစ္စည်းတို့လည်းပါဝင်သည်။

(ဆ) **အမြင့်ဆုံးဓါတ်ကြွင်းပါဝင်မှုသတ်မှတ်ချက်** ဆိုသည်မှာ ရိက္ခာ၊ စိုက်ပျိုးထွက်ပစ္စည်း၊ တိရစ္ဆာန်အစာတို့၌ ရိတ်သိမ်းချိန်၊ သိုလှောင်ချိန်၊ သယ်ယူပို့ဆောင်ချိန်၊ ရောင်းဝယ်

ဖောက်ကားချိန် စားသုံးသည့်အဆင့်ထိ ရိက္ခာပြုပြင်ချိန် စသည်တို့တွင် မှတ်ပုံတင်အဖွဲ့ ကခွင့်ပြုသည့် အမြင့်ဆုံးဓါတ်ကြွင်းပါဝင်မှု ပမာဏကို ဆိုသည်။

(ဇ) **ကန့်သတ်ထားသောပိုးသတ်ဆေး**ဆိုသည်မှာ
ပိုးသတ်ဆေးကိုင်တွယ်သုံးစွဲခွင့်လက်မှတ်ရသူ ကိုယ်တိုင်ဖြစ်စေ၊ ယင်း၏ကြီးကြပ်မှုဖြင့် ဖြစ်စေ၊ မှတ်ပုံတင်အဖွဲ့က သတ်မှတ်ထားသည့် သုံးစွဲရမည့် ပုံစံနှင့်အညီသာအသုံးပြုနိုင် သည့် လူ့ကျန်းမာရေးနှင့် ပတ်ဝန်းကျင်တို့အား အန္တရာယ်ကြီးမားသော ပိုးသတ်ဆေး များကိုဆိုသည်။

(ဈ) **သုံးစွဲရမည့်ပုံစံ** ဆိုသည်မှာ ပိုးသတ်ဆေးတစ်မျိုးမျိုးအား မှတ်ပုံတင်ပေးသည့်အခါ ယင်း မှတ်ပုံတင် လက်မှတ်တွင် မှတ်ပုံတင်အဖွဲ့က သတ်မှတ်ပေးသည့် သုံးစွဲရမည့် နည်းလမ်း များကို ဆိုသည်။

(ည) **ပုံစံများ** ဆိုသည်မှာ ဤလုပ်ထုံးလုပ်နည်းများတွင် ပါရှိသော ပုံစံများကို ဆိုသည်။

## အခန်း(၂)
## မှတ်ပုံတင်အဖွဲ့၏တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ခြင်း

၃။ မှတ်ပုံတင်အဖွဲ့သည် ဥပဒေပါ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရန် အစည်းအဝေးကို ခြောက်လလျှင်တစ်ကြိမ် ပြုလုပ်ရမည်။ သို့ရာတွင် ဥက္ကဋ္ဌက လိုအပ်သည်ဟုယူဆလျှင် မည်သည့်အချိန် တွင်မဆို အစည်းအဝေးပြုလုပ်နိုင်သည်။ ယင်းအစည်းအဝေးတွင် လိုအပ်ပါက ပြင်ပကျွမ်းကျင်သူ ပညာရှင်များကိုလည်းကောင်း၊ မှတ်ပုံတင်လျှောက်ထားသူကိုသော်လည်းကောင်း တက်ရောက်ရန် ဖိတ်ကြားနိုင်သည်။

၄။ မှတ်ပုံတင်အဖွဲ့၏အစည်းအဝေးတွင် ဥက္ကဋ္ဌက သဘာပတိအဖြစ်ဆောင်ရွက်ရမည်။ ဥက္ကဋ္ဌ အစည်းအဝေးမတက်ရောက်နိုင်သည့်အခါ ယင်းကတာဝန်ပေးအပ်သူအဖွဲ့ဝင်က သဘာပတိအဖြစ် ဆောင်ရွက်ရမည်။

၅။ အဖွဲ့ဝင်ဦးရေ၏ ထက်ဝက်ထက်ပို၍ တက်ရောက်လျှင် အစည်းအဝေးအထမြောက်သည်။

၆။ မှတ်ပုံတင်အဖွဲ့၏ အစည်းအဝေးများတွင် မှတ်ပုံတင်ထုတ်ပေးသည့် ဆုံးဖြတ်ချက်မှအပ ကျန် ဆုံးဖြတ်ချက်များကို အဖွဲ့ဝင်အနည်းဆုံး ၆၁ ရာခိုင်နှုန်း၏ ဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်။ ထောက်ခံမဲနှင့် ကန့်ကွက်မဲတူညီနေသည့်ကိစ္စရပ်တွင် သဘာပတိက အဆုံးအဖြတ်မဲပေးနိုင်သည်။ မှတ်ပုံတင်ထုတ်ပေး ရန် ဆုံးဖြတ်သည့်ကိစ္စတွင်မူ အဖွဲ့ဝင် ၇၅ ရာခိုင်နှုန်းက သဘောတူမှသာလျှင် အတည်ဖြစ်သည်။

၇။ မှတ်ပုံတင်အဖွဲ့သည် မိမိလုပ်ငန်းတာဂန်များကို ဆောင်ရွက်ရာတွင်-

(က) ပိုးသတ်ဆေးမှတ်ပုံတင်ပေးရန်အတွက် တင်ပြရန် လိုအပ်သော အထောက်အထားအချက် အလက်များကို သတ်မှတ်ပေးရမည်။

(ခ) လိုအပ်ပါက သက်ဆိုင်ရာအစိုးရဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

(ဂ) ပြင်ပပညာရှင်များထံမှလည်း အကြံဉာဏ်ရယူနိုင်သည်။

၈။ ပိုးသတ်ဆေးတစ်မျိုးမျိုးနှင့် စပ်လျဉ်း၍ မှတ်ပုံတင်ပေးရန် သို့မဟုတ် ပြင်ဆင်မှတ်ပုံတင်ပေးရန် လျှောက်ထားလာသောအခါ မှတ်ပုံတင်အဖွဲ့သည် လျှောက်လွှာတွင် ဖော်ပြထားသော ပိုးသတ်ဆေးအာနိသင်ဆိုင်ရာ အချက်အလက်များနှင့် အဆိပ်ဖြစ်စေနိုင်မှု အဆင့်အတန်းအချက်အလက်များကို အခြေခံလျက် ပိုးသတ်ဆေးထိရောက်မှုရှိခြင်း၊ လူ၊ တိရစ္ဆာန်နှင့် သဘာဝပတ်ဝန်းကျင်တို့အားအန္တရာယ်မဖြစ်စေခြင်းတို့ကို ထည့်သွင်းစဉ်းစားပြီး မှတ်ပုံတင်လျှောက်ထားသော ကိစ္စရပ်များကို ဆုံးဖြတ်ရမည်။

၉။ မှတ်ပုံတင်အဖွဲ့သည် မှတ်ပုံတင်လျှောက်ထားခြင်း၊ မှတ်ပုံတင်သက်တမ်းသတ်မှတ်ခြင်း၊ မှတ်ပုံတင်သက်တမ်းတိုးလျှောက်ထားခြင်း ကိစ္စရပ်များနှင့် စပ်လျဉ်း၍ စိစစ်ပြီးနောက် အောက်ပါအမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင် သည်။

(က) လျှောက်ထားသူထံမှ ထပ်မံတောင်းခံထားသည့် အချက်အလက်များရရှိသည်အထိ လျှောက် လွှာကိုဆိုင်းငံ့ထားခြင်း။

(ခ) မှတ်ပုံတင်ထုတ်ပေးခြင်း၊ သက်တမ်းတိုးထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း။

(ဂ) အဆိပ်အတောက်ဖြစ်စေနိုင်မှုများလျှင်၊ ဖျက်ပိုးများအပေါ် ထိရောက်မှုမရှိလျှင်၊ လူ၊ တိရစ္ဆာန်နှင့် သဘာဝပတ်ဝန်းကျင်တို့အား အန္တရာယ်ရှိလျှင် လျှောက်လွှာကို ငြင်းပယ်ခြင်း။

၁၀။ မှတ်ပုံတင်အဖွဲ့သည် မှတ်ပုံတင်ထုတ်ပေးသည့်အခါ မှတ်ပုံတင်လက်မှတ်တွင် အောက်ပါအချက်များကို သတ်မှတ်ဖော်ပြပေးရမည်၊

(က) မှတ်ပုံတင်သက်တမ်း

(ခ) မှတ်ပုံတင်အမျိုးအစားနှင့်မှတ်ပုံတင်အမှတ်

(ဂ) အဆိပ်ရှိပစ္စည်းအမည်၊ ပါဝင်မှုရာခိုင်နှုန်းနှင့် ဖော်စပ်ပုံအမျိုးအစား

(ဃ) ကုန်သွယ်မှုအမည်

၁၁။ ပိုးသတ်ဆေး၏အကျိုးသက်ရောက်မှုကို စိစစ်နိုင်ရန်နှင့် ပိုးသတ်ဆေးဆိုင်ရာ အချက်အလက်များကို အကြံပြုနိုင်ရန် ကျွမ်းကျင်သူများပါဝင်သော ပိုးသတ်ဆေးနည်းပညာကော်မတီကို မှတ်ပုံတင်အဖွဲ့က ဖွဲ့စည်း ၍ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးရမည်။

၁၂။ မှတ်ပုံတင်အဖွဲ့သည် အပိုဒ်(၁၁) အရ နည်းပညာကော်မတီကို ဖွဲ့စည်းရာတွင် ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၏ အဖွဲ့ဝင်များနှင့် ယင်းအဖွဲ့၏ အဖွဲ့ဝင်မဟုတ်သော ကျွမ်းကျင်သူ ပညာရှင်များကိုပါ ထည့်သွင်း၍ ဖွဲ့စည်းနိုင်သည်။

၁၃။ မှတ်ပုံတင်အဖွဲ့သည် အစိုးရဌာန သို့မဟုတ် အဖွဲ့အစည်း၊ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်း၊ စည်ပင်သာယာရေးကော်မတီများနှင့် စည်ပင်သာယာရေးအဖွဲ့များ၊ အများပြည်သူက စိုက်ပျိုးရေးလုပ်ငန်းတွင်လည်းကောင်း၊ မြို့ရွာသန့်ရှင်းရေးနှင့် ခြင်၊ ယင်၊ ကြွက်နှင့် အိမ်တွင်းပိုးမွှားများ၊ အခြားပိုးမွှားများ နှိမ်နင်းရေးလုပ်ငန်းများတွင်လည်းကောင်း သုံးစွဲသောပိုးသတ်ဆေးနှင့် သုံးစွဲနည်းတို့နှင့် စပ်လျဉ်း၍ လူ၊

တိရစ္ဆာန်နှင့် သဘာဝပတ်ဝန်းကျင်တို့အား အန္တရာယ်မရှိစေရန် လိုအပ်သည့်အမိန့်၊ ညွှန်ကြားချက်များကို အခါအားလျော်စွာ ထုတ်ပြန်နိုင်သည်။

၁၄။ မှတ်ပုံတင်အဖွဲ့သည် ပိုးသတ်ဆေးစစ်ဆေးသည့် ဓါတ်ခွဲခန်းများအား အသိအမှတ်ပြုရေး၊ လယ်ယာနှင့်သစ်တောထွက် ပြည်ပပို့ကုန်ပစ္စည်းများနှင့် အခြားပစ္စည်းများ၊ သိုလှောင်သီးနှံများကို ပိုးသတ်ခြင်း၊ လူနေအိမ်ဝန်းကျင်များ၊ သိုလှောင်သည့်နေရာ၊ ဂိုဒေါင်နှင့်အဆောက်အအုံများ၊ သယ်ဆောင်သည့်ယာဉ်နှင့် ကုန်သေတ္တာများတွင် ပိုးသတ်ဆေးပက်ဖျန်းခြင်း သို့မဟုတ် ပိုးသတ်မှိုင်းတိုက်ခြင်းလုပ်ငန်းအသိအမှတ်ပြုလိုင်စင် ခွင့်ပြုနိုင်ရေးအတွက် လိုအပ်သည့်သတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ ညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည်။

၁၅။ မှတ်ပုံတင်အဖွဲ့သည် မိမိဆောင်ရွက်ချက်များကို လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးထံသို့ အခါအားလျော်စွာ တင်ပြအစီရင်ခံရမည်။

## အခန်း (၃)
## မှတ်ပုံတင်လျှောက်ထားခြင်းနှင့် လိုင်စင်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၁၆။ ပိုးသတ်ဆေးမှတ်ပုံတင်လျှောက်ထားသူသည် ပုံစံ (၁) ကို ပြည့်စုံစွာ ဖြည့်သွင်း၍ လိုအပ်သောနည်း ပညာဆိုင်ရာ အထောက်အကူပြုစာရွက်စာတမ်းများ၊ ထိရောက်မှုစစ်ဆေးရန်နှင့် ဓါတ်ခွဲစမ်းသပ်ရန် နမူနာ ပစ္စည်းများ ပူးတွဲလျှက်မှတ်ပုံတင်အဖွဲ့ တွဲဖက်အတွင်းရေးမှူးထံသို့လျှောက်ထားရမည်။

၁၇။ မှတ်ပုံတင်ခွင့် ရရှိထားသော ပိုးသတ်ဆေးတစ်မျိုးမျိုးနှင့် စပ်လျဉ်း၍ ပြင်ဆင်မှတ်ပုံတင်ခြင်းကိစ္စကို ဆောင်ရွက်လိုသူသည် ပုံစံ (၁) ကိုပင် ပြည့်စုံစွာ ဖြည့်သွင်း၍ မှတ်ပုံတင်အဖွဲ့ တွဲဖက်အတွင်းရေးမှူးထံသို့ လျှောက်ထားရမည်။

၁၈။ ပိုးသတ်ဆေးမှတ်ပုံတင်လျှောက်ထားသူသည် သတ်မှတ်ထားသည့် ဓါတ်ခွဲစစ်ဆေးခများကို သတ်မှတ်သည့်နည်းလမ်း အတိုင်းမြန်မာကျပ်ငွေဖြင့် မှတ်ပုံတင်လျှောက်ထားစဉ်တွင် ပေးဆောင်ရမည်။

၁၉။ မှတ်ပုံတင်အဖွဲ့သည် အပိုဒ် ၁၆ သို့မဟုတ် အပိုဒ် ၁၇ အရ လျှောက်ထားလာသည့် ကိစ္စနှင့် စပ်လျဉ်း၍ မှတ်ပုံတင်ခွင့်ပြုပါက မှတ်ပုံတင်လျှောက်ထားသူအား သတ်မှတ်ထားသည့် မှတ်ပုံတင်ခများကို သတ်မှတ်သည့် နည်းလမ်းအတိုင်း မြန်မာကျပ်ငွေဖြင့်ပေးသွင်းစေပြီး **ပုံစံ (၂)** ဖြင့် မှတ်ပုံတင်လက်မှတ်ထုတ်ပေး ရမည်။

၂၀။ မှတ်ပုံတင်ထားသည့် ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းတင်သွင်းလိုလျှင် တင်သွင်းခြင်း မပြုမီ အောက်ပါအချက်အလက်များကို တင်သွင်းသူက ညွှန်ကြားရေးမှူး၊သီးနှံကာကွယ်ရေးဌာနခွဲ၊ စိုက်ပျိုးရေးဦး စီးဌာန ထံသို့ ကြိုတင်၍ တင်ပြရမည်၊

(က) ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းသိုလှောင်/ဖြန့်ဖြူးမည့်နေရာဒေသ၏ လိပ်စာ

(ခ) အဆောက်အအုံအမျိုးအစား

(ဂ) အဆောက်အအုံ၏အကျယ်အဝန်း

(ဃ) လက်ကားရောင်းချမည့်ပုဂ္ဂိုလ်/ အဖွဲ့အစည်းများ၏ အမည်နှင့်နေရပ်လိပ်စာ

(င) ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်း ကိုင်တွယ်မည့်သူများ၏ အမည်နှင့် အဆိပ်အတောက်များကို အန္တရာယ်ကင်းရှင်းစွာ ကိုင်ဆောင်ခွင့်ရှိခြင်းနှင့် စပ်လျဉ်း၍ ရရှိထားသည့် အထောက်အထားများ၊

(စ) ပိုးသတ်ဆေးကိုင်တွယ်သုံးစွဲမည့်သူ၏ ပိုးသတ်ဆေးကိုင်တွယ်သုံးစွဲခွင့်လက်မှတ်မိတ္တူ၊

(ဆ) မှတ်ပုံတင်အဖွဲ့မှအတည်ပြုထားသော မြန်မာအညွှန်းစာ နမူနာပုံစံ။

၂၁။ ပြည်တွင်းတွင် ပိုးသတ်ဆေးဖော်စပ်ရောင်းချသည့်လုပ်ငန်းကို လုပ်ကိုင်လိုသူသည် **ပုံစံ (၃)** ကို ပြည့်စုံစွာဖြည့်သွင်း၍ ညွှန်ကြားရေးမှူးချုပ် ထံသို့ လျှောက်ထားရမည်။

၂၂။ ညွှန်ကြားရေးမှူးချုပ်သည် အပိုဒ် ၂၁ အရ လျှောက်ထားလာသော လျှောက်လွှာများနှင့် စပ်လျဉ်း၍ စိစစ်ပြီးနောက် အောက်ပါအမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) ထပ်မံလိုအပ်သည့် အထောက်အထားအချက်အလက်များကို လျှောက်ထားသူထံမှ တောင်းခံ ခြင်း၊

(ခ) လိုင်စင်ထုတ်ပေးခြင်း၊ သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဂ) အခြားသင့်သည်ဟု ထင်မြင်ယူဆသည့် အမိန့်တစ်ရပ်ရပ်ချမှတ်ခြင်း

၂၃။ ညွှန်ကြားရေးမှူးချုပ်သည် အပိုဒ် ၂၁ အရ လျှောက်ထားလာသည့်ကိစ္စနှင့် စပ်လျဉ်း၍ လိုင်စင်ထုတ် ပေးပါက **ပုံစံ(၄)** ဖြင့် လိုင်စင်ထုတ်ပေးရမည်။

၂၄။ ပြည်ပမှပြည်တွင်းသို့ တင်သွင်းလာသည့် ပိုးသတ်ဆေးများကိုလည်းကောင်း၊ ပြည်တွင်းတွင် ဖော်စပ် ထုတ်လုပ်သည့် ပိုးသတ်ဆေးကိုလည်းကောင်း ပြန်လည်ထုပ်ပိုးရောင်းချသည့်လုပ်ငန်းကို လုပ်ကိုင်လိုသူ သည် **ပုံစံ(၅)** ကို ပြည့်စုံစွာဖြည့်သွင်း၍ ညွှန်ကြားရေးမှူးချုပ်ထံသို့ လျှောက်ထားရမည်။

၂၅။ ညွှန်ကြားရေးမှူးချုပ်သည် အပိုဒ် ၂၄ အရ လျှောက်ထားလာသော လျှောက်လွှာများနှင့် စပ်လျဉ်း၍ စိစစ်ပြီးနောက် အောက်ပါအမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) ထပ်မံလိုအပ်သည့် အထောက်အထားအချက်အလက်များကို လျှောက်ထားသူထံမှ တောင်းခံ ခြင်း၊

(ခ) လိုင်စင်ထုတ်ပေးခြင်း၊ သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဂ) အခြားသင့်သည်ဟု ထင်မြင်ယူဆသည့် အမိန့်တစ်ရပ်ရပ်ချမှတ်ခြင်း၊

၂၆။ ညွှန်ကြားရေးမှူးချုပ်သည် အပိုဒ် ၂၄ အရ လျှောက်ထားလာသည့်ကိစ္စနှင့်စပ်လျဉ်း၍ လိုင်စင် ထုတ်ပေးပါက **ပုံစံ(၆)** ဖြင့် လိုင်စင်ထုတ်ပေးရမည်။

၂၇။ ပိုးသတ်မှိုင်းတိုက်ခြင်းလုပ်ငန်း လုပ်ကိုင်လိုသူသည် **ပုံစံ (၇)** ကို ပြည့်စုံစွာဖြည့်သွင်း၍ ညွှန်ကြားရေးမှူးချုပ်ထံ သို့ လျှောက်ထားရမည်။

၂၈။ ညွှန်ကြားရေးမှူးချုပ်သည် အပိုဒ် ၂၇ အရ လျှောက်ထားလာသော လျှောက်လွှာများနှင့် စပ်လျဉ်း၍ စိစစ်ပြီးနောက် အောက်ပါအမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) ထပ်မံလိုအပ်သည့် အထောက်အထားအချက်အလက်များကို လျှောက်ထားသူထံမှ တောင်းခံ ခြင်း၊

(ခ) လိုင်စင်ထုတ်ပေးခြင်း၊ သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဂ) အခြားသင့်သည်ဟု ထင်မြင်ယူဆသည့် အမိန့်တစ်ရပ်ရပ်ချမှတ်ခြင်း၊

၂၉။ ညွှန်ကြားရေးမှူးချုပ်သည် အပိုဒ်(၂၇) အရ လျှောက်ထားလာသည့် ကိစ္စနှင့် စပ်လျဉ်း၍ လိုင်စင်ထုတ်ပေးပါက **ပုံစံ(၈)** ဖြင့်လိုင်စင်ထုတ်ပေးရမည်။

၃၀။ ပိုးသတ်ဆေးကို လက်လီလက်ကားရောင်းချလိုသူသည် **ပုံစံ(၉)**ကို ပြည့်စုံစွာ ဖြည့်သွင်း၍ သက်ဆိုင်ရာ ခရိုင်ဦးစီးမှူးထံသို့ လျှောက်ထားရမည်။ သို့ရာတွင် အပိုဒ် ၂၀ သို့မဟုတ် အပိုဒ် ၂၄ အရ လျှောက်ထား ပြီးနောက် လိုင်စင်ရရှိသူသည် ကိုယ်ပိုင်ရောင်းချသည့်ကိစ္စတွင်မူ အပိုဒ် ၃၀ အရ ထပ်မံ လျှောက်ထားရန် မလို။

၃၁။ သက်ဆိုင်ရာခရိုင်ဦးစီးမှူးသည် အပိုဒ် ၃၀ အရ လျှောက်ထားလာသော လျှောက်လွှာများနှင့် စပ်လျဉ်း၍ စိစစ်ပြီးနောက် အောက်ပါအမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) ထပ်မံလိုအပ်သည့် အထောက်အထားအချက်အလက်များကို လျှောက်ထားသူထံမှ တောင်းခံ ခြင်း၊

(ခ) လိုင်စင်ထုတ်ပေးခြင်း၊ သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဂ) အခြားသင့်သည်ဟု ထင်မြင်ယူဆသည့် အမိန့်တစ်ရပ်ရပ်ချမှတ်ခြင်း၊

၃၂။ သက်ဆိုင်ရာခရိုင်ဦးစီးမှူးသည် အပိုဒ် ၃၀ အရ လျှောက်ထားလာသည့်ကိစ္စနှင့်စပ်လျဉ်း၍ လိုင်စင် ထုတ်ပေးပါက **ပုံစံ(၁၀)** ဖြင့် လိုင်စင်ထုတ်ပေးရမည်။ လိုင်စင်တစ်ခုသည် အရောင်းဆိုင်တစ်ဆိုင် အတွက် သာဖြစ်သည်။

## အခန်း(၄)
## ပိုးသတ်ဆေးတင်သွင်းသူက လိုက်နာရမည့်အချက်များ

၃၃။ မှတ်ပုံတင်အဖွဲ့သည် မှတ်ပုံတင်ထားသည့် ပိုးသတ်ဆေးတင်သွင်းသူက အောက်ပါသတ်မှတ်ချက် များကို လိုက်နာရမည်ဟု မှတ်ပုံတင်လက်မှတ်တွင် ဖော်ပြရမည်-

(က) ပြည်ပမှတင်သွင်းသော ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းများ ရောက်ရှိလာပြီး နောက် စိုက်ပျိုးရေးဦးစီးဌာန၏ စစ်ဆေးမှုကို မပျက်မကွက်ခံယူရမည်။ အရည်အသွေး စစ်ဆေးရန်အတွက် နမူနာရယူရန် သတ်မှတ်သည့်နည်းလမ်းအတိုင်း သတ်မှတ်ထား သည့် နမူနာအရေအတွက် သို့မဟုတ် အလေးချိန်ကို စစ်ဆေးရေးမှူးအား အခမဲ့ ရယူ ခွင့်ပြုရမည်။ ထိုသို့ ရယူရာတွင် စစ်ဆေးရေးမှူးက နမူနာယူသည့်လက်မှတ်ကို **ပုံစံ (၁၂)** ဖြင့် ထုတ်ပေးရမည်၊

(ခ) ပိုးသတ်ဆေးများကိုမှတ်ပုံတင်အဖွဲ့ကထုတ်ပြန်သည့်လမ်းညွှန်ချက်များအတိုင်းအန္တရာယ်ကင်းရှင်းစွာ ကိုင်တွယ်စေခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် သိုလှောင်ထိန်းသိမ်းခြင်း ပြုရမည်၊

(ဂ) ပိုးသတ်ဆေးများ ဖြန့်ဖြူးရောင်းချရာတွင် လိုင်စင်ရရှိသူများကိုသာ ရောင်းချခြင်း၊ အရောင်း ပြေစာထားရှိခြင်း၊ ပိုးသတ်ဆေးအမျိုးအစားအလိုက် အရောင်းမှတ်ပုံတင် ဖွင့်လှစ်၍ ရေး သွင်းခြင်း၊ အရောင်းမှတ်တမ်းထားခြင်းပြုရမည်၊

(ဃ) ပိုးသတ်ဆေးသိုလှောင်သည့် အဆောက်အအုံ၏ မြင်သာသောနေရာတွင် **"အန္တရာယ်ရှိသည်"** ဆိုသည့်စာတန်းကို ထင်ရှားစွာ ချိတ်ဆွဲထားရမည်။

(င) ပိုးသတ်ဆေးအထုတ်အသွင်း မပြုလုပ်သည့်အချိန်တွင် သိုလှောင်ရုံကို လုံခြုံစွာသော့ခတ် ထားရမည်၊

(စ) ပိုးသတ်ဆေးအတင်အချပြုလုပ်ရာတွင် အန္တရာယ်ကင်းရှင်းစွာ ကိုင်တွယ်တတ်သူ၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ရမည်၊

(ဆ) ပိုးသတ်ဆေးသိုလှောင်ရုံ၏တည်နေရာနှင့် သိုလှောင်ထားသည့်ခန့်မှန်းပမာဏကို အနီးဆုံးမီးသတ်စခန်းသို့ ကြိုတင်ပေးပို့ထားရမည်၊

(ဇ) ပိုးသတ်ဆေးများကို လူနေအိမ်ခန်းများအတွင်း သိုလှောင်ထားရှိခြင်းမပြုရ၊

(ဈ) အကြောင်းတစ်ခုခုကြောင့် စွန့်ပစ်ရန်ရှိသော ပိုးသတ်ဆေး၊ အဆိပ်ရှိပစ္စည်း သို့မဟုတ် ထုပ်ပိုးပစ္စည်းများနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေးဦးစီးဌာနက ညွှန်ကြားထားသည့်အတိုင်း လိုက်နာ ဆောင်ရွက်ရမည်၊

(ည) မိမိလက်ဝယ်ရှိပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းများ အာနိသင်လျော့နည်းသွားကြောင်းကို တစ်နည်းနည်းဖြင့်သိရှိပါက ရောင်းချခြင်းမပြုရန်နှင့် ဖျက်ဆီးစွန့်ပစ်ရန်တို့ အတွက် စိုက်ပျိုးရေးဦးစီးဌာနက ညွှန်ကြားထားသည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်၊

(ဋ) ပိုးသတ်ဆေးများကို လုံခြုံစွာ ထုပ်ပိုး၍ရောင်းချခြင်း၊ ပေါက်ပြဲနေသည့်ပိုးသတ်ဆေးအိတ် များကို လုံခြုံအောင် ပြန်လည်ထုပ်ပိုးပြီးမှ ရောင်းချခြင်းပြုလုပ်ရမည်၊

(ဌ) ပိုးသတ်ဆေးများ၏ အာနိသင်နှင့်စပ်လျဉ်း၍ မမှန်မကန်ကြော်ငြာရောင်းချခြင်းမပြုရ၊ မှတ် ပုံတင်အဖွဲ့က ခွင့်ပြုသည့်အတိုင်းသာ ကြော်ငြာရောင်းချရမည်၊

(ဍ) စစ်ဆေးရေးမှူးက လာရောက်စစ်ဆေးသည့်အခါ စစ်ဆေးခြင်းကိုခံယူရမည့်အပြင် လိုအပ်သည့် အကူအညီများကိုလည်းပေးရမည်၊

## အခန်း(၅)
## လိုင်စင်ရရှိသူက လိုက်နာရမည့်အချက်များ

၃၄။ ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် သက်ဆိုင်ရာခရိုင်ဦးစီးမှူးသည် လိုင်စင်ထုတ်ပေးရာတွင် လိုင်စင် ရရှိသူက အောက်ပါသတ်မှတ်ချက်များကို လိုက်နာရမည်ဟု လိုင်စင်တွင် ဖော်ပြရမည်-

(က) လိုင်စင်ကို အများမြင်သာသောနေရာတွင် ချိတ်ဆွဲထားရမည်၊

(ခ) လိုင်စင်တွင်ခွင့်ပြုထားသည့် ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းကိုသာ ဖော်စပ်ထုတ်လုပ်ခြင်း၊ ပြန်လည်ထုပ်ပိုးခြင်း သို့မဟုတ် ရောင်းချခြင်း ပြုရမည်၊

(ဂ) ပြည်တွင်းတွင် ပိုးသတ်ဆေးဖော်စပ်ထုတ်လုပ်ခြင်း သို့မဟုတ် ပြန်လည်ထုပ်ပိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ရာတွင် အလုပ်သမားများ၏ ကျန်းမာရေး၊ လူမှုရေးကိစ္စ များနှင့် စပ်လျဉ်း၍ တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက် ရမည်၊

(ဃ) ဖော်စပ်ထုတ်လုပ်သည့် သို့မဟုတ် ပြန်လည်ထုပ်ပိုးသည့် ပိုးသတ်ဆေးများ၏ အရည် အသွေး နှင့် အာနိသင်တို့နှင့်စပ်လျဉ်း၍ တာဝန်ခံရမည်၊ သတ်မှတ်ထားသော အညွှန်းစာ အတိုင်း၊ သုံးစွဲပါလျှက် အရည်အသွေး မပြည့်မီသော ပိုးသတ်ဆေးများကြောင့် သီးနှံများ ထိခိုက်ပြီး စီးပွားရေးဆုံးရှုံးမှုဖြစ်လာပါက ဆုံးရှုံးမှုတန်ဘိုးကို သက်ဆိုင်ရာစစ်ဆေး ရေးမှူး၏ စစ်ဆေးတင်ပြချက်ပေါ်တွင် အခြေခံလျှက်ဖြန့်ဖြူးသည့် ကုမ္ပဏီ သို့မဟုတ် အရောင်းဆိုင်မှ ပေးလျော်ရမည်၊

(င) ပိုးသတ်ဆေးများကို မှတ်ပုံတင်အဖွဲ့က ထုတ်ပြန်သည့်လမ်းညွှန်ချက်အတိုင်း အန္တရာယ် ကင်းရှင်းစွာ ကိုင်တွယ်စေခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် သိုလှောင်ထိန်းသိမ်းခြင်း ပြုရမည်၊

(စ) ပိုးသတ်ဆေးဖော်စပ်ထုတ်လုပ်သူ၊ ပြန်လည်ထုပ်ပိုးသူ၊ လက်လီ/လက်ကားရောင်းချသူ များသည် အောက်ပါ သတ်မှတ်ချက်များကိုလည်း လိုက်နာရမည်-

(၁) ပိုးသတ်ဆေးသိုလှောင်သည့်အဆောက်အအုံ၏မြင်သာသောနေရာတွင် " **အန္တရာယ် ရှိသည်** " ဆိုသည့်စာတမ်းကို ထင်ရှားစွာချိတ်ဆွဲထားရမည်၊

(၂) ပိုးသတ်ဆေးအထုတ်အသွင်း မပြုလုပ်သည့်အချိန်တွင် သိုလှောင်ရုံကို လုံခြုံစွာ သော့ခတ်ထားရမည်၊

(၃) ပိုးသတ်ဆေး အတင်အချပြုလုပ်ရာတွင် အန္တရာယ်ကင်းစွာကိုင်တွယ်တတ်သူ ၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ရမည်၊

(၄) ပိုးသတ်ဆေးသိုလှောင်ရုံတည်နေရာနှင့် သိုလှောင်ထားသည့် ခန့်မှန်းပမာဏကို အနီးဆုံး မီးသတ်စခန်းသို့ ကြိုတင်ပေးပို့ထားရမည်၊

(ဆ) ပိုးသတ်ဆေးများကို လူနေအိမ်ခန်းများအတွင်း သိုလှောင်ထားခြင်းမပြုရ၊

(ဓ) ပိုးသတ်ဆေးများကို ရောင်းချရာတွင် ကုန်အမှတ်တံဆိပ်နှင့် မြန်မာဘာသာ ပြန်ဆိုထားသောအညွှန်းစာ ပူးတွဲပါရှိရမည်။ ယင်းအညွှန်းစာကို မှတ်ပုံတင်အဖွဲ့၏ အတည်ပြုချက် ရယူပြီး ဖြစ်ရမည်၊

(ဈ) မှတ်ပုံတင်အဖွဲ့က အခါအားလျော်စွာ ကန့်သတ်သည့် ပိုးသတ်ဆေးများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဦးစီးမှူးက ထုတ်ပေးသော ပိုးသတ်ဆေးကိုင်တွယ်သုံးစွဲခွင့်လက်မှတ် ရရှိပြီး သူများကိုသာ ရောင်းချရမည်၊

(ည) ပိုးသတ်ဆေးကို လက်ကား သို့မဟုတ် လက်လီရောင်းချသည့်ကိစ္စတွင် အရောင်းပြေစာဖြင့် ရောင်းချခြင်း၊ ဝယ်ယူသူများ၏ အမည်စာရင်းနှင့် ဝယ်ယူသည့်ပမာဏကို မှတ်ပုံတင် စာအုပ်တွင်နေ့စဉ်ရေးသွင်းခြင်း၊ ယင်းအရောင်းပြေစာနှင့် မှတ်ပုံတင်စာအုပ်ကိုသက်ဆိုင်ရာဦးစီးမှူး သို့မဟုတ် စစ်ဆေးရေးမှူးက လာရောက်စစ်ဆေးသည့်အခါ တင်ပြခြင်း ပြုရမည်၊

(ဋ) ပိုးသတ်ဆေးများကို အစားအသောက်များ၊ ဆေးဝါးများနှင့်အတူ ရောင်းချခြင်းသော်လည်းကောင်း၊ လမ်းဘေးတွင်ရောင်းချခြင်းသော်လည်းကောင်း မပြုရ၊

(ဌ) ပိုးသတ်ဆေးများကို လုံခြုံစွာထုပ်ပိုး၍ ရောင်းချရမည်။ ပေါက်ပြဲနေသည့် ပိုးသတ်ဆေး အထုပ်များ၊ ဘူးများကို လုံခြုံအောင်ပြန်လည်ထုပ်ပိုးပြီးမှ ရောင်းချရမည်၊

(ဍ) ကုန်အမှတ်တံဆိပ်နှင့် အညွှန်းစာမပါရှိသော ပိုးသတ်ဆေးများကို ရောင်းချခြင်းမပြုရ၊

(ဎ) အကြောင်းတစ်ခုခုကြောင့် စွန့်ပစ်ရန်ရှိသော ပိုးသတ်ဆေး၊ အဆိပ်ရှိပစ္စည်း သို့မဟုတ် ထုပ်ပိုးပစ္စည်းများနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေးဦးစီးဌာနက ညွှန်ကြားသည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်၊

(ဏ) လိုင်စင်ရရှိသူ၏ လက်ဝယ်ရှိ ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းသည် အာနိသင် လျော့နည်းကြောင်းကို စစ်ဆေးတွေ့ရှိလျှင် ယင်းတို့ကိုရောင်းချခြင်းမပြုရန်နှင့်ဖျက်ဆီး စွန့်ပစ်ခြင်းနှင့် စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ်က ညွှန်ကြားသည့်အတိုင်း လိုက်နာ ဆောင်ရွက်ရမည်၊

(တ) ပိုးသတ်ဆေးများကို သက်ဆိုင်ရာဦးစီးမှူးကဖြစ်စေ၊ စစ်ဆေးရေးမှူးကဖြစ်စေ လာရောက်စစ်ဆေးသည့်အခါ စစ်ဆေးခြင်းကို ခံယူရမည့်အပြင် လိုအပ်သည့်အကူအညီ များကိုလည်း ပေးရမည်၊

(ထ) အပိုဒ် (တ)အရ စစ်ဆေးရာတွင် အရည်အသွေးစစ်ဆေးရန်အတွက် နမူနာကို တောင်းခံလာပါက နမူနာရယူရန်သတ်မှတ်သည့်နည်းလမ်းအတိုင်း သတ်မှတ်ထားသည့်နမူနာ အရေ အတွက် သို့မဟုတ် အလေးချိန်ကို သက်ဆိုင်ရာဦးစီးမှူး သို့မဟုတ် စစ်ဆေး ရေးမှူး အား အခမဲ့ရယူခွင့်ပြုရမည်။ ထိုသို့ရယူရာတွင် သက်ဆိုင်ရာဦးစီးမှူး သို့မဟုတ် စစ်ဆေးရေးမှူး က နမူနာရယူသည့်လက်မှတ်ကို **ပုံစံ (၁၂)** ဖြင့် ထုတ်ပေးရမည်၊

(ဒ) လက်လီလက်ကားရောင်းချခွင့် လိုင်စင်တစ်ခုလျှင် အရောင်းဆိုင်တစ်ဆိုင်သာ ဖွင့်ခွင့်ပြုသည်။

## အခန်း(၆)
## ပိုးသတ်ဆေးသုံးစွဲသူက လိုက်နာရမည့်စည်းကမ်းများ

၃၅။ ပိုးသတ်ဆေးသုံးစွဲသူသည် ဥပဒေပုဒ်မ ၂၆ ပါစည်းကမ်းများကို လိုက်နာရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) မှတ်ပုံတင်အဖွဲ့က သီးနှံအလိုက်သတ်မှတ်ပေးထားသည့် ပိုးသတ်ဆေးအမျိုးအစားကို သတ်မှတ်သည့်နည်းလမ်းအတိုင်းသာ သုံးစွဲရမည်၊

(ခ) အိမ်တွင်းသုံးပိုးသတ်ဆေးများမှအပ အခြားပိုးသတ်ဆေးများကို လူနေအိမ်ခန်းများအတွင်း ထားရှိခြင်းမပြုရ၊

(ဂ) မရိတ်သိမ်းသေးသည့် စားသုံးသီးနှံတွင် ပိုးသတ်ဆေးသုံးစွဲထားပါက မှတ်ပုံတင်အဖွဲ့က သတ်မှတ်ထားသည့်အတိုင်း ရိတ်သိမ်းရန် စောင့်ဆိုင်းရမည့် အချိန်ကာလကုန်ဆုံးပြီးနောက်မှသာ ရိတ်သိမ်းခြင်း၊ ရောင်းချခြင်းပြုရမည်၊

(ဃ) သက်ဆိုင်ရာဦးစီးမှူး သို့မဟုတ် စစ်ဆေးရေးမှူးက ပိုးသတ်ဆေးဓါတ်ကြွင်းပါဝင်မှုပမာဏစစ်ဆေးရန် လိုအပ်၍ သီးနှံနမူနာတောင်းခံလာလျှင် နမူနာရယူရန် သတ်မှတ်သည့် နည်းလမ်းအတိုင်း သတ်မှတ်ထားသည့် နမူနာအရေအတွက် သို့မဟုတ် အလေးချိန်ကို အခမဲ့ရယူခွင့်ပြုရမည်။ ထိုသို့ရယူရာတွင် သက်ဆိုင်ရာဦးစီးမှူး သို့မဟုတ် စစ်ဆေးရေးမှူး က နမူနာရယူသည့် လက်မှတ်ကို **ပုံစံ (၁၅)** ဖြင့်ထုတ်ပေးရမည်၊

(င) စားသုံးရန်သီးနှံနှင့်စပ်လျဉ်း၍ ရိတ်သိမ်းပြီးနောက် ပိုးသတ်ဆေးဓါတ်ကြွင်းပါဝင်မှုပမာဏသည် သတ်မှတ်ချက်ထက်ကျော်လွန်လျှင် စိုက်ပျိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က ချမှတ်သည့် အမိန့်အတိုင်းလိုက်နာဆောင်ရွက်ရမည်၊

၃၆။ စိုက်ပျိုးရေးလုပ်ငန်း၊ မြို့ရွာသန့်ရှင်းရေး၊ ခြင်၊ ယင်၊ ကြွက်နှင့် အိမ်တွင်းပိုးမွှားများ၊ အခြားပိုးမွှားများ နှိမ်နင်းရေးလုပ်ငန်းများတွင် ပိုးသတ်ဆေးသုံးစွဲသည့် အစိုးရဌာနများနှင့် အများပြည်သူတို့သည် မှတ်ပုံတင်အဖွဲ့ကထုတ်ပြန်သည့်အမိန့်နှင့်ညွှန်ကြားချက်များအတိုင်း လိုက်နာသုံးစွဲရမည်၊

## အခန်း (၇)
## ညွှန်ကြားရေးမှူးချုပ်၊ တိုင်းဒေသကြီး/ ပြည်နယ်/မြို့နယ်ဦးစီးမှူး သို့မဟုတ် စစ်ဆေးရေးမှူးများက တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ခြင်း

၃၇။ ညွှန်ကြားရေးမှူးချုပ်သည် ဝန်ကြီးဌာနကိုယ်စား မှတ်ပုံတင်ကြေး၊ လိုင်စင်ကြေး၊ လိုင်စင်သက်တမ်းနှင့် ပိုးသတ်ဆေးအရည်အသွေးစစ်ဆေးခ၊ဓာတ်ကြွင်း စမ်းသပ်ခတို့ကို သတ်မှတ်ပေးရမည်။

၃၈။ အပိုဒ် ၂၀ အရ ပြည်ပမှပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းတင်သွင်းလိုသူက တင်ပြလာသော ပိုးသတ်ဆေးအန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်မည့်အစီအစဉ်များနှင့် စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်မှ လွှဲအပ်ထားသူက စိစစ်ပြီးနောက် ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနသို့ လိုအပ်သလို ဆောင်ရွက်ပေးရန် ထောက်ခံတင်ပြနိုင်သည်။

၃၉။ ညွှန်ကြားရေးမှူးချုပ်သည် ပိုးသတ်ဆေးများအရည်အသွေးနှင့်ကိုက်ညီမှု ရှိ/မရှိ စစ်ဆေးနည်း၊ ဓါတ်ခွဲစစ်ဆေးရန်နမူနာရယူနည်း၊ စားသုံးသီးနှံများတွင် ပိုးသတ်ဆေးဓါတ်ကြွင်းပါဝင်မှု ဓါတ်ခွဲစစ်ဆေးရန် နမူနာရယူနည်းတို့နှင့် စပ်လျဉ်း၍ အမိန့်ထုတ်ပြန် သတ်မှတ်ပေးရမည်။

၄၀။ ညွှန်ကြားရေးမှူးချုပ်သည် ဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန်နှင့် စစ်ဆေးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်စစ်ဆေးရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

| | |
|---|---|
| (၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သီးနှံကာကွယ်ရေးတာဝန်ခံ | အဖွဲ့ခေါင်းဆောင် |
| (၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးမှူး ကတာဝန်ပေးအပ်သောဝန်ထမ်းနှစ်ဦး | အဖွဲ့ဝင်များ |

(ခ) ခရိုင်အဆင့် စစ်ဆေးရေးအဖွဲ့ကို အောက်ပါအတိုင်းဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

| | |
|---|---|
| (၁) ခရိုင် သီးနှံကာကွယ်ရေးတာဝန်ခံ | အဖွဲ့ခေါင်းဆောင် |
| (၂) ခရိုင်ဦးစီးမှူးကတာဝန်ပေးအပ်သော ဝန်ထမ်းနှစ်ဦး | အဖွဲ့ဝင်များ |

(ဂ) မြို့နယ်အဆင့် စစ်ဆေးရေးအဖွဲ့ကို အောက်ပါအတိုင်းဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

| | |
|---|---|
| (၁) မြို့နယ်ဦးစီးမှူး | အဖွဲ့ခေါင်းဆောင် |
| (၂) မြို့နယ်ဦးစီးမှူးကတာဝန်ပေးအပ်သော ဝန်ထမ်းနှစ်ဦး | အဖွဲ့ဝင်များ |

၄၁။ ပိုးသတ်ဆေးများနှင့်စပ်လျဉ်း၍ မှတ်ပုံတင်လက်မှတ်ပါ သတ်မှတ်ချက်များနှင့်အညီ လိုက်နာသုံးစွဲမှု ရှိစေရန် သက်ဆိုင်ရာဦးစီးမှူး သို့မဟုတ် စစ်ဆေးရေးမှူးများက ကြီးကြပ်ကွပ်ကဲရမည်။

၄၂။ ပိုးသတ်ဆေးများ ကိုင်တွယ်သုံးစွဲခြင်း၊ လက်လီ/လက်ကားရောင်းချခြင်းတို့နှင့် စပ်လျဉ်း၍ အန္တရာယ်ကင်းစေရန် စနစ်တကျကိုင်တွယ်သုံးစွဲမှုသင်တန်းများကို တိုင်းဒေသကြီး/ပြည်နယ်/ မြို့နယ်များတွင် အခါအားလျော်စွာ ဖွင့်လှစ်ပေးရန် သက်ဆိုင်ရာဦးစီးမှူးက ညွှန်ကြားရေးမှူးချုပ်၏ ခွင့်ပြုချက်ရယူပြီး စီစဉ်ဆောင်ရွက်ရမည်။

၄၃။ ပိုးသတ်ဆေးများ စနစ်တကျ ကိုင်တွယ်သုံးစွဲမှုသင်တန်းတွင် ရှေးဦးသူနာပြုနည်းများကိုပါ သင်ကြားပို့ချနိုင်ရန် သက်ဆိုင်ရာဦးစီးမှူးက သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် သို့မဟုတ် မြို့နယ် ကျန်းမာရေးဦးစီးမှူး၏ အကူအညီကိုရယူပြီး ဆောင်ရွက်ရမည်။

၄၄။ ပိုးသတ်ဆေးများ စနစ်တကျ ကိုင်တွယ်သုံးစွဲမှုသင်တန်း တက်ရောက်အောင်မြင်ပြီးသူများကိုသာ လက်မှတ်ရပိုးသတ်ဆေးပက်ဖျန်းသူအဖြစ် ညွှန်ကြားရေးမှူး၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ စိုက်ပျိုးရေး ဦးစီးဌာန ကလက်မှတ်ထုတ်ပေးရမည်။

၄၅။ လက်မှတ်ရပိုးသတ်ဆေးပက်ဖျန်းသူများနှင့် ပိုးသတ်ဆေးသုံးစွဲမှုများသော နယ်မြေဒေသရှိ တောင်သူများတွင် ပိုးသတ်ဆေးအဆိပ်သင့်မှု ရှိ/မရှိ လိုအပ်သော စစ်ဆေးမှုများကို သက်ဆိုင်ရာ ဦးစီးမှူးက သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် သို့မဟုတ် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးနှင့် ပူးပေါင်းလျက် အခါအားလျော်စွာ စစ်ဆေးခြင်းနှင့်မှတ်တမ်းတင်ခြင်း ပြုလုပ်ရမည်။

၄၆။ သက်ဆိုင်ရာမြို့နယ်ဦးစီးမှူး သို့မဟုတ် စစ်ဆေးရေးမှူးများသည် ပိုးသတ်ဆေးအရည်အသွေး စစ်ဆေးရန် ရယူထားသည့် နမူနာကို နမူနာရယူသည့်လက်မှတ်မိတ္တူနှင့်အတူ စိုက်ပျိုးရေးဦးစီးဌာန၊ ပိုးသတ်ဆေးဓါတ်ခွဲခန်းသို့ မူလအခြေအနေအတိုင်း ရောက်ရှိရန် ပေးပို့ရမည်။

၄၇။ စိုက်ပျိုးရေးဦးစီးဌာန၊ ပိုးသတ်ဆေးဓါတ်ခွဲခန်းသည် စစ်ဆေးပြီးနောက် ပိုးသတ်ဆေး အရည်အသွေး စစ်ဆေးတွေ့ရှိချက် သက်သေခံလက်မှတ်ကို **ပုံစံ(၁၃)** ဖြင့် သက်ဆိုင်ရာဦးစီးမှူး သို့မဟုတ် စစ်ဆေးရေးမှူး၊ နမူနာပိုင်ရှင်တို့ထံ တစ်စောင်စီ ထုတ်ပေးရမည်။ အရည်အသွေး လျော့နည်းကြောင်း စစ်ဆေးတွေ့ရှိလျှင် ညွှန်ကြားရေးမှူးချုပ်ထံသို့ အမြန်ဆုံးတင်ပြရမည်။

၄၈။ ပိုးသတ်ဆေးတင်သွင်းသူ သို့မဟုတ် လိုင်စင်ရရှိသူ၏ လက်ဝယ်ရှိအာနိသင်လျော့နည်းသွား ကြောင်း တစ်နည်းနည်းဖြင့် စစ်ဆေးတွေ့ရှိရသော ပိုးသတ်ဆေး၊ အဆိပ်ရှိပစ္စည်း သို့မဟုတ် အကြောင်း တစ်ခုခုကြောင့် စွန့်ပစ်ရန်ရှိသော ပိုးသတ်ဆေး၊ အဆိပ်ရှိပစ္စည်း သို့မဟုတ် ထုပ်ပိုးပစ္စည်းများနှင့် စပ်လျဉ်း၍ ဖျက်ဆီးစွန့်ပစ်ခြင်းတို့ကို ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်ပေးရမည်။

၄၉။ အများပြည်သူများ၏ အကျိုးငှာ ရိတ်သိမ်းပြီးဖြစ်သည့်သီးနှံများတွင် ပိုးသတ်ဆေးဓါတ်ကြွင်း ပါဝင် မှုပမာဏသတ်မှတ်ချက်ထက်ကျော်လွန်ခြင်းရှိ /မရှိ စစ်ဆေးရန် လိုအပ်လျှင် သက်ဆိုင်ရာဦးစီးမှူး သို့မဟုတ် စစ်ဆေးရေးမှူးက နမူနာရယူရန် သတ်မှတ်ထားသည့်နည်းလမ်းအတိုင်း သတ်မှတ်ထားသည့် နမူနာ အရေအတွက် သို့မဟုတ် အလေးချိန်ကို အခမဲ့ရယူနိုင်ခွင့်ရှိသည်။ ထိုသို့ရယူရာတွင် သက်ဆိုင်ရာ ဦးစီးမှူး သို့မဟုတ် စစ်ဆေးရေးမှူးက နမူနာရယူသည့်လက်မှတ်ကို **ပုံစံ(၁၅)** ဖြင့် ထုတ်ပေးရမည်။

၅၀။ သက်ဆိုင်ရာမြို့နယ်ဦးစီးမှူး သို့မဟုတ် စစ်ဆေးရေးမှူးသည် အပိုဒ် ၄၉ အရ ပိုးသတ်ဆေး ဓါတ်ကြွင်းပါဝင်မှု စစ်ဆေးရန် ရယူထားသည့်နမူနာကို နမူနာရယူသည့် လက်မှတ်မိတ္တူနှင့်အတူ စိုက်ပျိုး ရေးဦးစီးဌာန၊ ပိုးသတ်ဆေးဓါတ်ခွဲခန်းသို့ မူလအခြေအနေအတိုင်း ရောက်ရှိစေရန် ပေးပို့ရမည်။ စိုက်ပျိုး ရေးဦးစီးဌာန၊ ပိုးသတ်ဆေးဓါတ်ခွဲခန်းသည် စစ်ဆေးပြီးနောက် ပိုးသတ်ဆေးဓါတ်ကြွင်း စစ်ဆေးတွေ့ရှိ ချက် သက်သေခံလက်မှတ်ကို **ပုံစံ(၁၆)** ဖြင့် သက်ဆိုင်ရာဦးစီးမှူး သို့မဟုတ် စစ်ဆေးရေးမှူး၊

နမူနာပိုင်ရှင်တို့ထံ တစ်စောင်စီထုတ်ပေးရမည်။ ပိုးသတ်ဆေးဓါတ်ကြွင်းပါဝင်မှု ပမာဏသည် သတ်မှတ်ချက်ထက်ကျော် လွန်နေကြောင်း စစ်ဆေးတွေ့ရှိလျှင် ညွှန်ကြားရေးမှူးချုပ်ထံသို့ အမြန်ဆုံးတင်ပြရမည်။

## အခန်း(၈)
## အထွေထွေ

၅၁။ စိုက်ပျိုးရေးဦးစီးဌာနသည် ဤဥပဒနှင့်အညီ ရရှိသော ဝင်ငွေများအတွက် သက်ဆိုင်ရာဘဏ်တွင် ငွေစာရင်း ဖွင့်လှစ်ထားရှိရမည်။

၅၂။ စိုက်ပျိုးရေးဦးစီးဌာနသည် အပိုဒ် ၅၁ အရ ရရှိသော ဝင်ငွေများ လက်ခံရယူခြင်း၊ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းတို့နှင့် စပ်လျဉ်း၍ တည်ဆဲဥပဒေ နည်းဥပဒေများနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်က အခါအားလျော်စွာ ထုတ်ပြန်သည့် ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၅၃။ ပြည်ပမှတင်သွင်းလာသော ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းများကို မပျက်မကွက် စစ်ဆေးမှု ခံယူရန်အတွက် အပိုဒ် ၃၃(က)အရ ရယူသည့်နမူနာများနှင့်အတူ **ပုံစံ(၁၁)** ဖြင့် စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲသို့ လျှောက်ထားရမည်။ စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ ပိုးသတ်ဆေးဓါတ်ခွဲခန်းသည် စစ်ဆေးပြီးနောက် ပိုးသတ်ဆေးအရည်အသွေး စစ်ဆေးတွေ့ရှိချက် သက်သေခံလက်မှတ်ကို **ပုံစံ (၁၃)** ဖြင့် စစ်ဆေးရေးမှူး၊ နမူနာပိုင်ရှင်တို့ထံ (၁) စောင်စီ ထုတ်ပေးရမည်။ အရည်အသွေး လျော့နည်းကြောင်း စစ်ဆေးတွေ့ရှိလျှင် ညွှန်ကြားရေးမှူးချုပ်ထံ အမြန်ဆုံးတင်ပြရမည်။

၅၄။ ပြည်တွင်း၌ ဖော်စပ်ထုတ်လုပ်သော ပိုးသတ်ဆေးလိုင်စင်ရရှိသူ၏ လက်ဝယ်ရှိ ပိုးသတ်ဆေးများကို စစ်ဆေးလိုလျှင်လည်းကောင်း၊ သုံးစွဲသူမှအရည် အသွေးမပြည့်မီဟုယူဆသော ဈေးကွက်အတွင်းရှိ မှတ်ပုံတင်ခွင့်ပြုချက်ရထားသည့် ပိုးသတ်ဆေးတစ်မျိုးမျိုးကို ဓာတ်ခွဲစစ်ဆေးလိုလျှင်လည်းကောင်း၊ သက်ဆိုင်ရာ မြို့နယ်ဦးစီးမှူး သို့မဟုတ် စစ်ဆေးရေးမှူးများနှင့်အတူ နမူနာရယူရန် သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း သတ်မှတ်ထားသည့် နမူနာအရေအတွက် သို့မဟုတ် အလေးချိန်များနှင့်အတူ **ပုံစံ(၁၁)**ကိုပင် ဖြည့်သွင်း၍ လျှောက်ထားရမည်။ စစ်ဆေးပြီးနောက် ပိုးသတ်ဆေးအရည်အသွေး စစ်ဆေးတွေ့ရှိချက် သက်သေခံ လက်မှတ်ကို **ပုံစံ(၁၃)** ဖြင့် ထုတ်ပေးရမည်။

၅၅။ စိုက်ပျိုးရေးဦးစီးဌာနသည် အပိုဒ် ၅၃ အရ ပြည်ပမှတင်သွင်းလာသော ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းကို စစ်ဆေးရာတွင် ကျသင့်သော စစ်ဆေးစမ်းသပ်ခကို မြန်မာကျပ်ငွေဖြင့် သတ်မှတ်ထားသည့်အတိုင်း ရယူရမည်။ ထို့အပြင် အပိုဒ် ၅၄ အရ ပြည်တွင်း၌ ဖော်စပ်ထုတ်လုပ်သော ပိုးသတ်ဆေးနှင့်လိုင်စင် ရရှိသူ၏ လက်ဝယ်ရှိ ပိုးသတ်ဆေးများကို စစ်ဆေးရာတွင်လည်းကောင်း၊ သုံးစွဲသူမှအရည်အသွေးမပြည့်မီဟုယူဆသော ဈေးကွက်အတွင်းရှိ မှတ်ပုံတင်ခွင့်ပြုချက်ရထားသည့် ပိုးသတ်ဆေးတစ်မျိုး မျိုးကို ဓါတ်ခွဲစစ်ဆေးရာတွင်လည်းကောင်း၊ မြန်မာကျပ်ငွေဖြင့် သတ်မှတ်ရယူရမည်။

၅၆။ သီးနှံများတွင် ပိုးသတ်ဆေးဓါတ်ကြွင်းပါဝင်မှုပမာဏကို စစ်ဆေးပေးရန် **ပုံစံ(၁၄)** ဖြင့်လျှောက်ထားလာပါက နမူနာရယူရန် သတ်မှတ်ထားသည့်နည်းလမ်းအတိုင်း သတ်မှတ်ထားသည့် နမူနာအရေအတွက် သို့မဟုတ် အလေးချိန်နှင့်အတူ ကျသင့်သောဓါတ်ခွဲစမ်းသပ်ခကို သတ်မှတ်သည့် မြန်မာ

ကျပ်ငွေဖြင့် သတ်မှတ်ထားသည့်နည်းလမ်းအတိုင်း ပေးပို့လာလျှင် စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ ပိုးသတ်ဆေးဓာတ်ခွဲခန်းက စစ်ဆေးပေးနိုင်သည်။ ယင်းသို့ စစ်ဆေးပြီးနောက် ပိုးသတ်ဆေးဓာတ်ကြွင်းပါဝင်မှု စစ်ဆေးတွေ့ရှိချက် သက်သေခံလက်မှတ်ကို **ပုံစံ(၁၆)** ဖြင့် ထုတ်ပေးရမည်။

၅၇။ ပြည်ပမှ တင်သွင်းလာသော ပိုးသတ်ဆေးလိုင်စင်ရရှိသူ၏ လက်ဝယ်ရှိ ပိုးသတ်ဆေးတို့သည် မှတ်ပုံတင်စဉ်က တင်ပြထားသည့်အရည်အသွေး၊ အချက်အလက်များနှင့် ကိုက်ညီမှု ရှိ/မရှိကို ဓာတ်ခွဲစမ်းသပ်သည့် ကိစ္စမှတပါး ပိုးသတ်ဆေး၏အာနိသင်နှင့် သီးနှံများတွင် ပိုးသတ်ဆေးဓာတ်ကြွင်းပါဝင်မှု ဓာတ်ခွဲစမ်း သပ်ခြင်းများကို မှတ်ပုံတင်အဖွဲ့ကအသိအမှတ်ပြုထားသည့် ဓာတ်ခွဲခန်းများက စစ်ဆေးပေးနိုင်သည်။ အကယ်၍ ဓာတ်ခွဲစမ်းသပ်စစ်ဆေးတွေ့ရှိချက်များနှင့်စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာလျှင် စိုက်ပျိုးရေးဦးစီးဌာန၊ ပိုးသတ်ဆေးဓာတ်ခွဲခန်း၏ စစ်ဆေးတွေ့ရှိချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

၅၈။ မှတ်ပုံတင်အဖွဲ့က ပိုးသတ်ဆေးစစ်ဆေးနိုင်ကြောင်း အသိအမှတ်ပြုထားသည့်ဓာတ်ခွဲခန်းများသည် ဓာတ်ခွဲသည့်နည်းစနစ်များတူညီရေး၊ ဓာတ်ခွဲတွေ့ရှိချက် ရလာဒ်များ မှန်ကန်ရေးတို့အတွက် စိုက်ပျိုးရေးဦး စီးဌာန၊ ပိုးသတ်ဆေးဓာတ်ခွဲခန်းနှင့် ပူးပေါင်းလေ့လာမှု ပြုရမည်။

၅၉။ စိုက်ပျိုးရေးဦးစီးဌာနသည် မှတ်ပုံတင်ထားသော ပိုးသတ်ဆေးများနှင့်စပ်လျဉ်း၍ လက်တွေ့သုံးစွဲရာတွင် သီးနှံဖျက်ပိုးမွှားများကို ထိရောက်စွာ နှိမ်နင်းနိုင်စွမ်း ရှိ/မရှိ၊ သုံးစွဲသူများအတွက်လည်း စီးပွားရေးတွက်ခြေကိုက်ညီမှု ရှိ/မရှိ နှင့် လူ၊ တိရစ္ဆာန်နှင့် သဘာဝပတ်ဝန်းကျင်တို့အား အန္တရာယ် ရှိ/မရှိ စသည့်အချက်များကို အခါအားလျော်စွာ စိုက်ခင်းစမ်းသပ်မှုများပြုလုပ်၍ ပြန်လည်ဆန်းစစ်ပြီး ရရှိသည့် အထောက်အထားအချက်အလက်များကို မှတ်ပုံတင်အဖွဲ့ထံသို့ အခါအားလျော်စွာ တင်ပြအစီရင်ခံရမည်။

၆၀။ ပြည်ပသို့တင်ပို့သည့်သီးနှံများ၊ သစ်တောထွက်ပစ္စည်း၊ သိုလှောင်သီးနှံများနှင့် အခြားပစ္စည်းများ၊ ဂိုဒေါင်များ၊ အဆောက်အအုံများနှင့် လူနေအိမ်ဝန်းကျင်များ၊သိုလှောင်သည့်နေရာ ၊ သယ်ဆောင်ယာဉ်နှင့် ကုန်သေတ္တာများ ပိုးသတ်ဆေးပက်ဖျန်းခြင်း သို့မဟုတ် အဆိပ်ငွေ့မှိုင်းတိုက်ခြင်းကိစ္စတွင် မှတ်ပုံတင်အဖွဲ့က အသိအမှတ်ပြုသည့် အစိုးရဌာနနှင့် အဖွဲ့အစည်းများကသာ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်။

၆၁။ စိုက်ပျိုးရေးဦးစီးဌာနသည် မှတ်ပုံတင်ထားသော ပိုးသတ်ဆေးများကို သုံးစွဲသူများက အန္တရာယ်ကင်းရှင်းစွာ သုံးစွဲနိုင်ရေးအတွက် အခါအားလျော်စွာ ပညာပေးစာစောင်များ ရိုက်နှိပ်၍ အခမဲ့ ဖြန့်ဖြူးပေးရမည်။

၆၂။ မှတ်ပုံတင်ထားခြင်းမရှိသော ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံအတွင်းသို့ တင်သွင်းလာခြင်းမရှိစေရန် စိုက်ပျိုးရေးဦးစီးဌာနသည် သက်ဆိုင်ရာအစိုးရဌာနများ နှင့် ညှိနှိုင်း၍ဆောင်ရွက်ရမည်။

၆၃။ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့သည် အခါအားလျော်စွာလိုအပ်သော အမိန့်နှင့် ညွှန်ကြားချက်များကို ဥပဒေပြဌာန်းချက်နှင့်အညီ ထုတ်ပြန်ဆောင်ရွက်ရမည်။

အမိန့်အရ

ရုံးအဖွဲ့မှူး
စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

စာအမှတ်၊
ရက်စွဲ၊ ၂၀၁၆ခုနှစ်၊ လ ( ) ရက်။

မိတ္တူကို-

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ အဖွဲ့ရုံး၊
(၂) ပြည်ထောင်စုရှေ့နေချုပ်ရုံး၊
(၃) ဝန်ကြီးဌာနအားလုံး၊
(၄) ညွှန်ကြားရေးမှူးချုပ်၊ကျန်းမာရေးဦးစီးဌာန၊
(၅) ညွှန်ကြားရေးမှူးချုပ်၊ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊
(၆) ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန
(၇) ညွှန်ကြားရေးမှူးချုပ်၊ သစ်တောဦးစီးဌာန၊
(၈) ညွှန်ကြားရေးမှူးချုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
(၉) ညွှန်ကြားရေးမှူးချုပ်၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊
(၁၀) ညွှန်ကြားရေးမှူးချုပ်၊ ငါးလုပ်ငန်းဦးစီးဌာန၊
(၁၁) ညွှန်ကြားရေးမှူးချုပ်၊ စိုက်ပျိုးရေးဦးစီးဌာန၊
(၁၂) ဦးဆောင်ညွှန်ကြားရေးမှူး၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း (မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြော်ငြာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။)
(၁၃) ဒု-ညွှန်ကြားရေးမှူးချုပ်(နည်းပညာ)၊ စိုက်ပျိုးရေးဦးစီးဌာန၊
(၁၄) ညွှန်ကြားရေးမှူး၊ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန၊

**ပြည်ထောင်စု သမ္မတ မြန်မာ နိုင်ငံတော် အစိုးရ**
**စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**စိုက် ပျိုး ရေး ဦး စီး ဌာ န**
**သီး နှံ ကာ ကွယ် ရေး ဌာ န ခွဲ**

**စာအမှတ်၊ / ၂၀၁၆ ( )**
**ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ လ ( ) ရက်**

သို့

ညွှန်ကြားရေးမှူးချုပ်
စိုက်ပျိုးရေးဦးစီးဌာန

အကြောင်းအရာ။ **။ပိုးသတ်ဆေးဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများ(မူကြမ်း)အားအတည်ပြုနိုင်ပါရန်တင်ပြခြင်း။**

၁။ ပိုးသတ်ဆေးဥပဒေပုဒ်မ-၄၇၊ပုဒ်မခွဲ(ခ)အရ ဥပဒေပါပြဋ္ဌာန်းချက်များကို အကောင် အထည်ဖော် ဆောင်ရွက်ရန် စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်ရမည်ဟုပြဋ္ဌာန်းထားပါသည်။

၂။ သို့ပါ၍ ပူးတွဲပါအတိုင်းပိုးသတ်ဆေးဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ(မူကြမ်း)အား ထုတ်ပြန်ခွင့်ပြုပါရန်အတွက်အထက်အဆင့်ဆင့်သို့ ဆက်လက်တင်ပြနိုင်ပါရန် အစီရင်ခံတင်ပြ အပ်ပါသည်။

(အောင်ကျော်ဦး)
ညွှန်ကြားရေးမှူး
သီးနှံကာကွယ်ရေးဌာနခွဲ

မိတ္တူကို-
(၁) ဒု-ညွှန်ကြားရေးမှူးချုပ် (နည်းပညာ)၊ စိုက်ပျိုးရေးဦးစီးဌာန။
(၂) ရုံးလက်ခံ/နေ့စဉ်